# မည်သည့်နိုင်ငံကူးလက်မှတ်အမျိုးအစားကိုမဆို သက်တမ်းတိုးလျှောက်ထားလိုသူများ သေချာစွာ ဖတ်ရှုပေးပါရန်

၁။ ကနေဒါနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့် (Work Permit) နှင့် အမြဲတမ်းနေထိုင်ခွင့် (PR) ဖြင့် နေထိုင်ပြီး အလုပ်လုပ်ကိုင်ခွင့်နိုင်ငံကူးလက်မှတ် (Job Passport-PJ) ဖြင့် အလုပ် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့အလုပ်လုပ်ကိုင်နေသည့် ကာလအလိုက် သတ်မှတ်နှုန်းထားအတိုင်း အခွန်ထမ်းဆောင်ပြီးပါက (PJ) အမျိုးအစားနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်းကို ပုံမှန်အတိုင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ သို့ရာတွင် (PJ) မဟုတ်သည့် အခြားနိုင်ငံကူးလက်မှတ်အမျိုးအစားများ သက်တမ်းတိုးခြင်း၊ နိုင်ငံကူး လက်မှတ်အမျိုးအစား ပြောင်းလဲကိုင်ဆောင်လိုခြင်းများအတွက် မြန်မာသံရုံး၏ Website https://meottawa.org/ တွင် သက်ဆိုင်ရာ Form ပုံစံများကို ရယူဖြည့်စွက်၍ မြန်မာသံရုံး၊ အော်တာဝါမြို့သို့ ပုံမှန်အတိုင်း ပေးပို့ရမည်ဖြစ်ပြီး မြန်မာသံရုံးမှ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ ဆက်လက်ပေးပို့၍ ခွင့်ပြုချက်တောင်းခံရမည် ဖြစ်ပါသည်။

၃။ နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားသူများအနေဖြင့် လျှောက်လွှာများနှင့် သက်ဆိုင်ရာစာရွက်စာတမ်းများကိုသာ သံရုံးသို့ ကနဦးပေးပို့၍ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်စောင့်ဆိုင်းစဉ်ကာလအတွင်း မိမိတို့၏နိုင်ငံကူးလက်မှတ်များအား အသုံးပြုရန်လိုအပ်ပါက လက်ဝယ်ထားရှိအသုံးပြုနိုင်ပြီး ခွင့်ပြုချက်ရရှိမှသာ နိုင်ငံကူးလက်မှတ်များ၊ နိုင်ငံကူးလက်မှတ်စာအုပ်ဖိုး၊ အခွန်ပေးဆောင်ငွေများနှင့် ဒဏ်ကြေးပေးဆောင်ရန်ရှိပါက ဒဏ်ကြေးငွေများအား သံရုံးသို့ ပေးပို့နိုင်ပါသည်။ လက်တလောတွင် နိုင်ငံကူးလက်မှတ်အား အသုံးပြုရန် လိုအပ်ခြင်းမရှိသေးသူများအနေဖြင့် လျှောက်လွှာများ ပေးပို့သည့်အချိန်တွင် နိုင်ငံကူးလက်မှတ်များ၊ စာအုပ်ဖိုး၊ အခွန်ပေးဆောင်ငွေများနှင့် ဒဏ်ကြေးငွေပေးဆောင်ရန်ရှိပါက ဒဏ်ကြေးငွေအား တစ်ပါတည်း သံရုံးသို့ပေးပို့ထားနိုင်ပါကြောင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံကူးလက်မှတ်အသုံးပြုရန် လိုအပ်လာပါက သံရုံးသို့ဆက်သွယ်၍ နိုင်ငံကူးလက်မှတ်အား ပြန်လည်ရယူနိုင်ပါကြောင်းအသိပေးအပ်ပါသည်။

၄။ ယင်းကဲ့သို့ နိုင်ငံကူးလက်မှတ်များ သက်တမ်းတိုးရာတွင် မည်သည့်နိုင်ငံကူးလက်မှတ် အမျိုးအစားမဆို နိုင်ငံကူးလက်မှတ်သက်တမ်း သတ်မှတ်ကာလ (၆)လအတွင်းရှိနေပါက ပုံမှန်အတိုင်း သက်တမ်းတိုးဆောင်ရွက်နိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလ(၆)လထက် ကျော်လွန်၍ သက်တမ်းများ ကျန်ရှိနေပါက ဒဏ်ကြေး အမေရိကန်ဒေါ်လာ ၂၀/- ပေးဆောင်ရမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။